# ဥပဒေရေးရာ အရင်းအမြစ်များ

မိသားစုများအနေဖြင့် အကြောင်းအရာတစ်ရပ်ရပ်အတွက် ဥပဒေရေးရာ အရင်းအမြစ်များကို ရယူအသုံးပြုရန် လိုအပ်သည့် အခြေအနေမျိုး ကြုံရနိုင်ပါသည်။ Indiana ပြည်နယ်အနှံ့အပြားရှိ အသိုက်အဝန်းများတွင် ဥပဒေရေးရာ အထောက်အပံ့ကို ရင်းမြစ်အမျိုးမျိုးမှ ရယူနိုင်ပါသည်။ မိသားစုများအနေဖြင့် ရရှိနိုင်သည့် အရင်းအမြစ်များကို ဦးစွာရှာဖွေလေ့လာ၍ ၎င်းတို့၏လိုအပ်ချက်များနှင့် အကောင်းဆုံးကိုက်ညီသော ဝန်ဆောင်မှုပေးအပ်သူများကို ရှာဖွေရွေးချယ်ရန် တိုက်တွန်းအကြံပြုလိုပါသည်။ အကြောင်းအရာပေါ်မူတည်၍ မတူညီသော အထောက်အပံ့ပေးသည့် ဝန်ဆောင်မှုပေးသူများအနက် သက်ဆိုင်သည့်အဖွဲ့အစည်းကို ဆက်သွယ်ရန် လိုအပ်နိုင်ပါသည်။ ဝန်ဆောင်မှုများကို စတင်အသုံးမပြုမီ ဝန်ဆောင်မှုပေးသူသည် မိမိတို့၏ လိုအပ်ချက်များအတွက် ကိုက်ညီမှု ရှိ၊ မရှိ သိရှိနိုင်ရန်အတွက် မိသားစုများအနေဖြင့် မေးခွန်းများ မေးမြန်းစုံစမ်းရန် အကြံပြုလိုပါသည်။

**Indiana ဥပဒေအကျိုးဆောင်လုပ်ငန်း**

Indiana ဥပဒေရေးရာ ဝန်ဆောင်မှုအဖွဲ့ (ILS) သည် သတ်မှတ်ထားသည့် ဝင်ငွေပမာဏနှင့် ကိုက်ညီသော Hoosier ဝန်ဆောင်မှု အသုံးပြုသူများအတွက် နိုင်ငံသားဆိုင်ရာ ဥပဒေအထောက်အကူကို အခမဲ့ပေးနေသည့် အကျိုးအမြတ်အတွက်မဟုတ်သော ဥပဒေရေးရာအဖွဲ့အစည်း ဖြစ်ပါသည်။ အစားအစာ၊ နားခိုနေထိုင်ရာ၊ ဝင်ငွေ၊ ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် တစ်ကိုယ်ရေဘေးကင်းလုံခြုံမှု အစရှိသည့် အခြေခံလိုအပ်ချက်များ ရယူဖြည့်ဆည်းနိုင်စွမ်းကို ထိခိုက်စေသည့် ဥပဒေရေးရာ ပြဿနာများနှင့် ကြုံတွေ့နေရသော ဝန်ဆောင်မှုအသုံးပြုသူများကို ILS က အထောက်အကူပေးလျက် ရှိပါသည်။ ၎င်းတို့၏ ဝက်ဘ်ဆိုက်ကို အသုံးပြု၍ မိမိ၏ အသိုက်အဝန်းအတွင်းရှိ ဥပဒေရေးရာ အရင်းအမြစ်များကို ရှာဖွေနိုင်ပါသည် - http://www.indianalegalservices.org/

**ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာ အခွင့်အရေးများ စင်တာ**

ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာ အခွင့်အရေးများ စင်တာ (ILRC) သည် ဘာသာစကားဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများကြောင့် ဥပဒေရေးရာ ဝန်ဆောင်မှုများကို ရယူရာတွင် အခက်ကြုံရနိုင်သည့် Indiana ပြည်နယ်ရှိ ရွှေ့ပြောင်းနေထိုင်ပြီး LEP ဖြစ်သူ (အင်္ဂလိပ်ဘာသာကို



မွမ်းမံပြင်ဆင်ချက်
11.2022

ကောင်းစွာပြောဆိုအသုံးချနိုင်စွမ်းမရှိသူ) များအတွက် ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပါသည်။ ထို့အပြင် ဥပဒေရေးရာဝန်ဆောင်မှုကို ရယူအသုံးပြုသည့် အခြားသူများနှင့် မတူညီသည့် ဥပဒေရေးရာ ပြဿနာများကို ၎င်းတို့အနေဖြင့် ကြုံတွေ့ရနိုင်ပါသည်။ ILRC သည် ဤအုပ်စုများထံ ဆက်သွယ်၍ အရည်အသွေးပြည့်မီကောင်းမွန်သော ဥပဒေရေးရာ ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် မတူညီသည့် နည်းလမ်းအမျိုးမျိုးကို အသုံးချကာ အဆိုပါ ဝန်ဆောင်မှုဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်နေပါသည်။ ILRC ကို ဆက်သွယ်လိုပါက 1-866-964-2138 ကို ဖုန်းခေါ်ဆို၍ ဆက်သွယ်နိုင်ပါသည်။

**အိမ်ရာဥပဒေ စင်တာ**

Indiana ဥပဒေရေးရာ ဝန်ဆောင်မှုအဖွဲ့၏ အိမ်ရာဥပဒေ စင်တာသည် သတ်မှတ်ထားသည့် ဝင်ငွေပမာဏနှင့် ကိုက်ညီသော Hoosier ဝန်ဆောင်မှု အသုံးပြုသူများအတွက် အိမ်ရာနှင့်ပတ်သက်သည့် ပြဿနာရပ်များနှင့် စပ်လျဉ်း၍ ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်မှုကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါသည်။ အိမ်ရာဥပဒေ စင်တာကို ဆက်သွယ်လိုပါက 1-800-822-4774 ကို ဖုန်းခေါ်ဆို၍ ဆက်သွယ်နိုင်ပါသည်။

**Indiana မသန်စွမ်းသူဆိုင်ရာ အခွင့်အရေးများ အဖွဲ့**

Indiana မသန်စွမ်းသူဆိုင်ရာ အခွင့်အရေးများအဖွဲ့ (IDR) သည် လွှတ်တော်အဆင့်ညွှန်ကြားချက်ဖြင့် ဖွဲ့စည်းထားပြီး ဥပဒေရေးရာ အခြေခံဆောင်ရွက်သော မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်း ဖြစ်ပါသည်။ IDR သည် ဖက်ဒရယ်နှင့် ပြည်နယ်ဥပဒေများ အားလုံးအရ မသန်စွမ်းသူများအတွက် ဥပဒေရေးရာ ကိုယ်စားပြုမှုနှင့် အခြား လျှောက်လဲအရေးဆိုမှု ဝန်ဆောင်မှုများကို ဦးစားပေးအဆင့်သတ်မှတ်ချက် စနစ်အပေါ် အခြေခံ၍ ပေးအပ်ပိုင်ခွင့် ရှိပါသည်။ မိမိ၏မိသားစုတွင် မသန်စွမ်းမှုနှင့်ဆက်နွှယ်နေသည့် ဥပဒေရေးရာ သို့မဟုတ် နိုင်ငံသားအခွင့်အရေးဆိုင်ရာ ပြဿနာကို ကြုံတွေ့နေရပါက IDR အနေဖြင့် လမ်းညွှန်ချက်ပေးနိုင်ပြီး အချို့အခြေအနေများတွင် ဝန်ဆောင်မှုများ တိုက်ရိုက်ပေးအပ်၍ အထောက်အကူပေးနိုင်ပါသည်။ IDR ကို ဆက်သွယ်လိုပါက 1-800-622-4845 ကို ဖုန်းခေါ်ဆို၍ ဆက်သွယ်နိုင်ပါသည်။

## တရားရုံးလက်လှမ်းမီအသုံးပြုနိုင်ရေးအတွက် Indiana ပြည်နယ် ညွှန့်ပေါင်းအဖွဲ့

တရားရုံးလက်လှမ်းမီအသုံးပြုနိုင်ရေးအတွက် ညွှန့်ပေါင်းအဖွဲ့သည် နိုင်ငံသားဆိုင်ရာ ဥပဒေအထောက်အကူ တောင်းခံရယူလိုသူများကို အကူအညီပေးသော ဝက်ဘ်ဆိုက်ကို ဖန်တီး၍ အသုံးပြုခွင့်ပေးထားပါသည်။ နိုင်ငံသားဆိုင်ရာ ဥပဒေအထောက်အကူသည် မိသားစု၊ အိမ်ရာ၊ ဝယ်ယူသုံးစွဲသူ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရရှိခံစားခွင့်များ၊ အလုပ်အကိုင်၊ နှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ အပါအဝင် ရာဇဝတ်မှုနှင့် မပတ်သက်သော ပြဿနာများကို ကြုံတွေ့နေရသူများအတွက် အကူအညီပေးပါသည်။ ဥပဒေအထောက်အကူကို ရယူခံစားနိုင်ရန် သတ်မှတ်လိုအပ်ချက် မပြည့်မီသည့် မိသားစုများအတွက် အရင်းအမြစ်များနှင့် လမ်းညွှန်ချက်ကိုလည်း ဝက်ဘ်ဆိုက်တွင် ထည့်သွင်းဖော်ပြထားပါသည်။ ဝက်ဘ်ဆိုက်လိပ်စာမှာ https://indianalegalhelp.org/ ဖြစ်ပါသည်။

အစီအစဉ်များနှင့် စနစ်များသည် မကြာခဏ ပြောင်းလဲတတ်သည်။ နောက်ဆုံးပြောင်းလဲမှုနှင့်ကိုက်ညီသည့် သတင်းအချက်Medicaid Waivers: ဤအချက်အလက်ပြဇယားကို 2022 ခုနှစ်တွင် နောက်ဆုံးအကြိမ် မွမ်းမံပြင်ဆင်ထားပါသည်။ နောက်ဆုံးပြင်ဆင်ထားသည့် မူကို ရှာဖွေဖတ်ရှုနိုင်ရန် https://www.inf2f.org/fact-sheets.html ကို အသုံးပြုပါ။ ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ စီမံရေးအဖွဲ့ (HRSA) ၏ ရန်ပုံငွေထောက်ပံ့မှု တစ်စိတ်တစ်ပိုင်း ပါဝင်သည်။